# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် ၊ (၂၃၀/၂၀၁၈)
## ၁၃၈၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
## (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## ပြည်တွင်းရေကြောင်းသွား စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်များ ပြင်ဆင်သတ်မှတ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ ပုဒ်မ ၆၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေ ပုဒ်မ ၁၈ အရ ပြည်တွင်းရေကြောင်းသွား စက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်များအတွက် အနည်းဆုံးလိုအပ်ချက်များကို သတ်မှတ်လိုက်သည်။

၃။ **ပင်မစက်မောင်းနှင်မှုစွမ်းအား ၇၅၀ ကီလိုဝပ်အောက်ရှိသော ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့် ကိုက်ညီပြီး ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ်သင်တန်း တက်ရောက်၍ ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ပြီး ဖြစ်ရမည် -

(၁) ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅၀ ကီလိုဝပ်နှင့်အထက် ရှိသော ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁)နှစ် သို့မဟုတ် ဒုတိယစက်ခန်းအုပ်လုပ်သက် (၂)နှစ် ရှိရမည်၊

(၂) အစိုးရနည်းပညာအထက်တန်းကျောင်းမှ မော်တော်ယာဉ်နည်းပညာ (Auto MechanicsTechnology) သင်တန်း အောင်မြင်ပြီးဖြစ်ရမည်၊

(၃) တပ်မတော် (ရေ) စက်မှုလက်မှုသင်တန်းဌာန၏ ရေယာဉ်စက်ပြင်သင်တန်း တက်ရောက် အောင်မြင်ထားသော တပ်မတော် (ရေ) စက်ဘက်ဆိုင်ရာ အဆင့်ဖြင့်နှုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူပြီးသူ ဖြစ်ရမည်။

(သို့မဟုတ်)

(ခ) နိုင်ငံခြားသွားသင်္ဘောများတွင် ဆီလောင်း(Oiler)လက်မှတ် ကိုင်ဆောင်၍ ဆီလောင်း လုပ်သက်(၃)နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ပထမတန်းစက်ခန်းအုပ် နှုတ်ဖြေ စာမေးပွဲ အောင်မြင်ရမည်။

**၄။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၅၀၀ ကီလိုဝပ်အောက် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပြည်တွင်းရေကြောင်းသွား ဒုတိယတန်း စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည် -

(က) အောက်ဖော်ပြပါ သတ်မှတ်ချက်တစ်ခုနှင့် ကိုက်ညီပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ်သင်တန်း တက်ရောက်၍ ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများ အောင်မြင်ပြီး ဖြစ်ရမည်-

(၁) ပြည်တွင်းရေကြောင်းသွား တတိယတန်းစက်ခန်းအုပ်ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်၍ ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် စက်ခန်းအုပ်လုပ်သက် (၁)နှစ် သို့မဟုတ် ဒုတိယစက်ခန်းအုပ်လုပ်သက် (၂)နှစ် ရှိရမည်၊

(၂) အစိုးရစက်မှုသင်တန်းကျောင်းမှ မော်တော်ယာဉ်စက်ပြင်သင်တန်း အောင်မြင်ပြီး ဖြစ်ရမည်၊

(၃) အခြေခံပညာအထက်တန်း အောင်မြင်ပြီး ပင်မစက်မောင်းနှင်မှုစွမ်းအား ၆၀ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်စက်ခန်းတွင် ဆီလောင်းလုပ်သက် (၂)နှစ် ရှိရမည်။

(သို့မဟုတ်)

(ခ) နိုင်ငံခြားသွားသင်္ဘောများတွင် ဆီလောင်း(Oiler)လက်မှတ် ကိုင်ဆောင်၍ ဆီလောင်း လုပ်သက် (၁)နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်းစက်ခန်းအုပ် နှုတ်ဖြေ စာမေးပွဲ အောင်မြင်ရမည်။

(သို့မဟုတ်)

(ဂ) နိုင်ငံခြားသွားသင်္ဘောများတွင် စက်ခန်းသင်္ဘောသား (Rating Engine) လက်မှတ်ကိုင်ဆောင်၍ စက်ခန်းလုပ်သက် (၂)နှစ်ရှိပြီး ပြည်တွင်းရေကြောင်းသွား ဒုတိယတန်း စက်ခန်းအုပ် နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

**၅။ ပင်မစက်မောင်းနှင်မှုစွမ်းအား ၂၅ဝ ကီလိုဝပ်အောက် ပြည်တွင်းရေကြောင်းသွားရေယာဉ်များတွင် စက်ခန်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သော ပြည်တွင်းရေကြောင်းသွား တတိယတန်း စက်ခန်းအုပ်ကျွမ်းကျင်မှုလက်မှတ်**

ကျွမ်းကျင်မှုလက်မှတ်လျှောက်ထားသူသည်-

(က) ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင်စက်ခန်းအုပ်လုပ်သက် (၂)နှစ် သို့မဟုတ် ပင်မစက်မောင်းနှင်မှုစွမ်းအား ၆ဝ ကီလိုဝပ်နှင့်အထက် ပြည်တွင်းရေကြောင်းသွားရေယာဉ်တွင် ဆီလောင်းလုပ်သက် (၂)နှစ် ရှိရမည်၊

(ခ) ပြည်တွင်းရေကြောင်းသွား တတိယတန်း စက်ခန်းအုပ်သင်တန်း တက်ရောက်ပြီး ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲ အောင်မြင်ရမည်။

**၆။ စက်မောင်းလက်မှတ်အဆင့်(၁)**

သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် ခုတ်မောင်းသွားလာခွင့်လက်မှတ်ဖြင့်မောင်းနှင်သော ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၁ဝ ကီလိုဝပ်အောက် ရေယာဉ်များတွင် စက်မောင်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် စက်မောင်းလက်မှတ်အဆင့်(၁) လျှောက်ထားသူသည် ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၁ဝ ကီလိုဝပ်အောက် ရေယာဉ်စက်မောင်းသင်တန်း အောင်မြင်ရမည်။

**၇။ စက်မောင်းလက်မှတ်အဆင့် (၂)**

သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပေးသောရေယာဉ်မှတ်ပုံတင်လက်မှတ်ဖြင့် မောင်းနှင်သည့် ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅ ကီလိုဝပ်အောက် ရေယာဉ်တွင် စက်မောင်းအဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် စက်မောင်းလက်မှတ်အဆင့်(၂) လျှောက်ထားသူသည် ပင်မစက်မောင်းနှင်မှုစွမ်းအား ၁၅ ကီလိုဝပ်အောက် ရေယာဉ်ငယ်စက်မောင်းသင်တန်း အောင်မြင်ရမည်။

၈။ ဤအမိန့်ကြော်ငြာစာ မထုတ်ပြန်မီ၊ ယခင်အတည်ပြုထုတ်ပေးခဲ့သော ပြည်တွင်းရေကြောင်းသွား ပထမတန်းနှင့် ဒုတိယတန်းစက်ခန်းအုပ် ကျွမ်းကျင်မှုလက်မှတ်များသည် ယခုအမိန့်ကြော်ငြာစာပါ ပထမတန်းနှင့် ဒုတိယတန်းစက်ခန်းအုပ်များနှင့် အဆင့်တူအဖြစ်သတ်မှတ်သည်။

၉။ စက်ခန်းအုပ်ကျွမ်းကျင်မှု လက်မှတ်များအတွက် အမိန့်ကြော်ငြာစာအမှတ်၊ ၁၆/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သည့် ရေယာဉ်လုပ်သက် သတ်မှတ်ချက်များကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ပဆ-(၃)/(Noti -DMA)၂၀၁၈( ၈၆ )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြော်ငြာ ပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။
အမိန့်ကြော်ငြာစာတွဲ
ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

ဝင်းခန့်
အမြဲတမ်းအတွင်းဝန်

\\Motdata\F\WATER\2018\DMA\Costal And Inland Final Nortification (6-11)\Inland\Inland Engine Room Cop Certi.Docx